# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

April 1 , 2024 Volume 77, Number 1


၁.၄.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၁၉၈ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၆၇.၃ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၆.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၄၈.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၅.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၅၇ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၈၆ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၅.၆၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၃.၆၉ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၅၁၁ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm


## မုဒုံမြို့နယ်၌ ဒူးရင်းသီးများ စတင်ထွက်ရှိပြီး ဈေးကောင်းရရှိကာ စိုက်ပျိုးသူများ အဆင်ပြေ



မွန်ပြည်နယ်သည် လယ်ယာသီးနှံ၊ ဥယျာဉ်ခြံသီးနှံနှင့် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှု အကောင်းဆုံးပြည်နယ်ဖြစ်ရာ ကာလရှည်သီးနှံတစ်မျိုးဖြစ်သည့် ရာသီပေါ်ဒူးရင်းသီးများစတင်ထွက်ရှိချိန် လူကြိုက်များသည့် သီးနှံတစ်မျိုးဖြစ်သောကြောင့် ဈေးကောင်းရရှိ၍ စိုက်ပျိုးသူများ အဆင်ပြေလျက်ရှိသည်။

မုဒုံမြို့နယ်တွင် ဒူးရင်းပင်အမျိုးအစားပေါင်း ၂၀ ခန့်စိုက်ပျိုးကြရာ မွန်ထောင်း၊ ချန်နီ၊ မလေးမျိုး(မူဆန်ကင်း)၊ ထိုင်းမျိုးတို့ကို ပျိုးပင်များနှင့် ကိုင်းဆက်ကိုင်းကူးနည်းဖြင့် အဓိကထား ပိုမိုစိုက်ပျိုးကြသည်။

ဒူးရင်းပင် ကိုင်းဆက်မျိုးများကို စိုက်ပျိုးပြီး သုံးနှစ်ခန့်အကြာတွင် အသီးများစတင်ထွက်ရှိကြောင်း၊ ဒူးရင်းပင် တစ်ဧကလျှင် အပင်တန်းကြား ပေ ၃၀ ပတ်လည်စိုက်ပျိုးမည်ဆိုပါက ၄၈ ပင်၊ ၂၅ ပေ ပတ်လည်စိုက်ပျိုးမည်ဆိုပါက အပင် ၇၀ ခန့်အထိ စိုက်ပျိုးနိုင်ကြောင်း၊ အပင်များ ပိုးမကျစေရန်နှင့် သဘာဝမြေဩဇာများ ထည့်သွင်းခြင်းလုပ်ငန်းများကို နည်းစနစ်တကျစိုက်ပျိုးရန်လိုအပ်ကြောင်း၊ ဒူးရင်းမျိုးကောင်း တစ်ဧကစိုက်ပျိုးရုံဖြင့် တစ်နှစ်လျှင် ဝင်ငွေကျပ်သိန်း ၁၀၀ ကျော်ရရှိနိုင်ကြောင်း၊ ယခုဒူးရင်းသီးများ စတင်ထွက်ရှိချိန် ဒူးရင်းအမျိုးအစားပေါ်မူတည်၍

တစ်ကီလိုလျှင် ငွေကျပ် ၁၅,၀၀၀ အထက်ရရှိကြောင်း၊ ဘဲရမ်းကျေးရွာမှ ဒူးရင်းသီးစိုက်တောင်သူတစ်ဦးကပြောသည်။ မုဒုံမြို့နယ်ဒေသထွက် ဒူးရင်းမျိုးကောင်းမျိုးသန့်များကို ပြည်တွင်းပြည်ပတင်ပို့နိုင်ရန် ဒူးရင်းမျိုးများ သုတေသနပြု စိုက်ပျိုးထားရှိခြင်း၊ သစ်သီးဝလံသုတေသန စိုက်ပျိုးရေးနည်းပညာများကို တောင်သူများထံ ဖြန့်ဝေပေးခြင်း၊ သီးနှံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် တောင်သူများနှင့်ပူးပေါင်းပြီး စိုက်ပျိုးရေးဦးစီးဌာနနှင့်တာဝန်ရှိသူများက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**Source: မြန်မာ့အလင်းသတင်းစာ**

## တရုတ်နိုင်ငံ ကူမင်းမြို့တွင် မြန်မာကုန်သွယ်ရေး စင်တာဖွင့်လှစ်






တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်၊ ကူမင်းမြို့၊ ကွမ်းတုရပ်ကွက်၊ Pilot Free Trade Zone ၌ မြန်မာကုန်သွယ်ရေးစင်တာ (ကူမင်းမြို့)ကို ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်တွင် ဖွင့်လှစ်ခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ ကုန်သွယ်ရေးစင်တာကို မြန်မာနိုင်ငံစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ် စီးပွားရေးဌာန၊ ကူမင်းမြို့အခြေစိုက် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့၏ကြီးကြပ်မှု၊ ယူနန် ပြည်နယ်၊ ကူမင်းမြို့ ပြည်သူ့အစိုးရ၊ ကွမ်းတုရပ်ကွက်ပြည်သူ့အစိုးရ၊ China (Yunnan) Pilot Free Trade Zone International Trade Enterprise Cluster Park တို့၏ ပံ့ပိုးမှုဖြင့် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

မြန်မာကုန်သွယ်ရေးစင်တာ (ကူမင်းမြို့)သည် မြန်မာနိုင်ငံမှ AJ Myanmar Co., Ltd နှင့် တရုတ်နိုင်ငံမှ Kunming Aos idi International Trade Co., Ltd တို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ပြီး စင်တာအနေဖြင့် မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဖလှယ်ရေးလုပ်ငန်းများကို ဦးတည်ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ ပို့ကုန်တင်ပို့မှု တိုးတက်ရေး၊ တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများ မြန်မာနိုင်ငံသို့ ပိုမိုဝင်ရောက်လာစေရေးတို့ကို အဓိကထား၍ ကြိုးပမ်းဆောင်ရွက်မည်ဖြစ်ပြီး မြန်မာ့ထုတ်ကုန်များကို မိတ်ဆက်ပြသခြင်း၊ မြန်မာနိုင်ငံ၏ စီးပွားရေးအခွင့်အလမ်းများကို မိတ်ဆက်ပြသ၍ ရင်းနှီးမြှုပ်နှံမှုဖိတ်ခေါ်ခြင်းလုပ်ငန်းများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်မှ ချမှတ်ထားသောမူဝါဒများနှင့်အညီ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရေး ရှေးရှုဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ မြန်မာကုန်သွယ်ရေးစင်တာ (ကူမင်းမြို့) (Myanmar Trade Center, Kunming) ဖွင့်လှစ်ပွဲသို့ ကူမင်းမြို့၊ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဦးသော်တာအောင်နှင့် စီးပွားရေးသံမှူး ဦးလျှန်ရှန်းမုန်တို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီး ဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဒေါ်နော်မူတာကပေါ၊ တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ် စီးပွားရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Tang Wai၊ ယူနန်ပြည်နယ် ကူမင်းမြို့ပြည်သူ့အစိုးရမှ ဒုတိယမြို့တော်ဝန်၊ ကွမ်းတုပြည်သူ့အစိုးရမှ ညွှန်ကြားရေးမှူး၊ မြန်မာနိုင်ငံ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာကိုယ်စားလှယ်များ၊ ကုန်သည်လုပ်ငန်းရှင်များ၊ တရုတ်နိုင်ငံမှ အစိုးရကိုယ်စားလှယ်များ၊ ကုန်သည်လုပ်ငန်းရှင်များ စုစုပေါင်း (၁၅၀) ဦးခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

Source: popularmyanmar.com

## ဘုရင့်နောင်ကုန်စည်ဒိုင်၏ (၂၅-၃-၂၀၂၄ မှ ၃၀-၃-၂၀၂၄) အတွင်း ပဲနှင့်အခြား ကုန်စည်ဈေးနှုန်းများ

**မတ်ပဲနှင့်ပဲစင်းငုံ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ပဲ (တစ်တန်) ဈေးနှုန်းများမှာ မတ်ပဲ FAQ/RC (2024 Crop) ကျပ် ၂,၉၁၂,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၃,၁၅၀,၀၀၀ နှင့် ပဲစင်းငုံ Red/ RC(2024 Crop) ကျပ် ၃,၆၇၂,၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2024Crop) ကျပ် ၁၀၃,၀၀၀၊ မတ်ပဲ SQ/RC (2024 Crop) ကျပ် ၁၁၀,၀၀၀ နှင့် ပဲစင်းငုံ Red/RC (2024 Crop ) ကျပ် ၁၀၃,၀၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၉၅လုံး (တန်ချိန် ၂၂၈၀) နှင့် ပဲစင်းငုံ Red/RC(2024 Crop) ကွန်တိန်နာ ၂၅ လုံး (တန်ချိန် ၆၀၀) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၂၁၀ လုံး (တန်ချိန် ၅၀၄၀) နှင့် ပဲစင်းငုံ Red/RC(2024 Crop) ကွန်တိန်နာ ၅ လုံး (တန်ချိန် ၁၂၀) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် မတ်ပဲ FAQ/RC (2024 Crop) ကွန်တိန်နာ ၁၁၅ လုံး (တန်ချိန် ၂၇၆၀) ပိုမိုဝင်ရောက်ခဲ့ပြီး ပဲစင်းငုံ Red/RC (2024 Crop) ကွန်တိန်နာ ၂၀လုံး (တန်ချိန် ၄၈၀) လျော့နည်းဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ငရုတ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ငရုတ်သီး ( တစ်ပိဿာ ) ဈေးနှုန်းများမှာ ပန်းရဲငရုတ်(သစ်) AC ကျပ် ၆၀၀၀၊ မြားနီ ကျပ် ၅၀၀၀ နှင့် ဆင်ဖြူကွန်း (ပု) ကျပ် ၁၁,၀၀၀ နှင့် မြစ်ဝပု ကျပ် ၁၀,၀၀၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ပန်းရဲငရုတ်(သစ်) AC ကျပ် ၂၀၀၊ ဆင်ဖြူကွန်း (ပု) ကျပ် ၁၀၀၀နှင့် မြစ်ဝပု ကျပ် ၁၀၀၀ အသီးသီး ဈေးကျဆင်းခဲ့ပြီး မြားနီ ကျပ် ၂၀၀ ဈေးမြင့်တက်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ယခင် အပတ်က ငရုတ်ရှည်အိတ်ပေါင်း ၁၀,၃၀၀ (၂၀၆,၀၀၀ ပိဿာ)နှင့် ငရုတ်ပု အိတ်ပေါင်း ၂၂၀၀ ( ၃၃,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ငရုတ်ရှည် အိတ်ပေါင်း ၉၄၀၀ (၁၈၈,၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၂၀၀၀ (၃၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ငရုတ်ရှည် အိတ်ပေါင်း ၉၀၀ (၁၈,၀၀၀ ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၂၀၀( ၃၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**မန်ကျည်းသီး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ၃၅၀၀ ၊ မန်ကျည်းအသား (သစ်) ကျပ် ၄၆၀၀ နှင့် မန်ကျည်းသီး ရမည်းသင်း ဒါးဇင်း ကျပ် ၃၂၀၀ အသီးသီး ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီး ရမည်းသင်းဒါးဇင်း ကျပ် ၁၀၀ ဈေးမြင့်တက်ခဲ့ပြီး ကျန်မန်ကျည်းသီးများ ဈေးငြိမ်လျက်ရှိသည်။

**ထန်းလျက်၊ ကြံသကာ နှင့် သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့် သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ တောင်သာမလိုင်(ဒုံး) ကျပ် ၄၅၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၄၈၀၀၊ ပခုက္ကူကြိမ်း ကျပ် ၄၅၀၀၊ ရေစကြို ထန်းလျက်(ချော) ကျပ် ၅၈၀၀၊ ကြံသကာ ကျပ် ၄၂၀၀ နှင့် သကြား(ပြည်တွင်း) ကျပ် ၄၄၅၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း တောင်သာမလိုင် (ဒုံး) ကျပ် ၄၀၀ ၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၃၀၀၊ ပခုက္ကူကြိမ်း ကျပ် ၃၀၀၊ ရေစကြို ထန်းလျက်(ချော)ကျပ် ၃၀၀ ၊ ကြံသကာ ကျပ် ၂၀၀ အသီးသီးဈေးကျဆင်းခဲ့ပြီး သကြား(ပြည်တွင်း) ကျပ် ၂၀ ဈေးမြင့်တက်ခဲ့သည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် နေလှည့်စေ့များ အရောင်းအဝယ်ဖြစ်နေ

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်ရှိရွာများတွင် နေလှည့်စေ့များ ထွက်ပေါ်နေပြီး အရောင်းအဝယ်ဖြစ်နေကြောင်းသိရသည်။ ရွာခိုင်ကြီး၊ လွန်ကျော်၊ မဿဲ၊ စမြောင်၊ ပေတော၊ ဒါးဝယ်အင်း ကျေးရွာများတွင် တောင်သူများမှ စိုက်ပျိုးခြင်းမဟုတ်ဘဲ ဝါခင်း၊ နှမ်းခင်း၊ ငရုတ်ခင်း၊ ကြက်သွန်ခင်းများကြားနှင့် မြေလွတ်မြေရိုင်းများတွင် အလေ့ကျပေါက်ရောက်ကြောင်းသိရသည်။

နေလှည့်စေ့များ အရောင်းအဝယ်ကောင်းမွန်လာသောကြောင့် စိုက်ခင်းများတွင် အလေ့ကျပေါက်နေသည့် နေလှည့်ပင်များကို သီးနှံခူးဆွတ်ပြီးလျှင် ရေသွင်း၍ပြုစုထားခြင်းကြောင့် အထွက်နှုန်းပိုမိုရရှိလာကြောင်း၊ ကျောက်ဆည်၊ ကူမဲ မြစ်သားပွဲရုံများနှင့်မန္တလေးပွဲရုံများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ တရုတ်နိုင်ငံသို့ တင်ပို့မှုရှိကြောင်း မြစ်သားမြို့နယ်၊ ပေတောကျေးရွာ နေလှည့်စေ့ရောင်းဝယ်နေသူများထံမှ သိရသည်။

ယခုနှစ်တွင် နေလှည့်စေ့ တစ်ပိဿာလျှင် ကျပ် ၇၀၀၀ မှ ၇၂၀၀၊ ယခင်လစတင်ပေါ်ချိန်တွင် ကျပ် ၈၀၀၀ မှ ၈၂၀၀ ထိရရှိပြီး အရောင်းအဝယ်ကောင်း၊ ဈေးကောင်းရရှိသောကြောင့် ဒုတိယဝင်ငွေအဖြစ် အကျိုးအမြတ်ရရှိကြောင်း ပေတောကျေးရွာနေတောင်သူများထံမှ သိရသည်။

**Source: မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး**

## ဟသ်ာတမြို့နယ်တွင် ထောပတ်ပဲနီများ အရောင်းအဝယ်ကောင်းလျက်ရှိ

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင် ထောပတ်ပဲနီ(အပြားကြီး)များ အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း ဟသ်ာတမြို့နယ် ပဲအမျိုးမျိုးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်နှင်းနှင်းက ပြောပြ၍သိရသည်။

ဟသ်ာတမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးဈေးကွက်တွင် လက်ရှိမတ်လ ဒုတိယပတ်မှစ၍ ယနေ့ (မတ်လ ၂၈) ရက်နေ့ထိ ထောပတ်ပဲနီ(အပြားကြီး)များ ဝယ်ယူမှုကောင်းနေပြီး အရောင်းသွက်နေခြင်းဖြစ်ကြောင်း၊ တစ်ပတ်လျှင် ထောပတ်ပဲနီ(အပြားကြီး) ၂၄ ပြည်ဝင် အိတ်ရေ ၂၀ ထိ အရောင်းသွက်နေကြောင်း၊ ထိုသို့ ထောပတ်ပဲနီ (အပြားကြီး) ဝယ်ယူမှုကောင်းပြီး အရောင်းသွက်နေခြင်းသည် ပြည်တွင်းဈေးကွက်တွင် အဝယ်လိုက်လာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

“လက်ရှိ ဒေသဈေးကွက်မှာ အခြားပဲတွေထက် ထောပတ်ပဲနီ ဝယ်လိုအားကောင်းလာပါတယ်။ ပြည်တွင်းဈေးကွက်က ထောပတ်ပဲနီတွေ အဝယ်လိုက်နေပြီး အရောင်းသွက်လာတာဖြစ်ပါတယ်။ ပြည်ပပဲဈေးကွက်ကို ပြန်တင်ပို့နေလို့ အခုလိုဝယ်လိုအားကောင်းလာတာပါ။ အခု မတ်လဒုတိယပတ်လောက်ကနေ အဝယ်လိုက်လာတာပါ။ လက်ရှိ ထောပတ်ပဲကိုစိုက်ပျိုးသူတွေနဲ့ပဲသိုလှောင်ထားတဲ့ကုန်သည်တွေ ရောင်းအားကောင်းနေတဲ့အခြေအနေမှာရှိနေပါတယ်။ ထောပတ်ပဲနီက လာမဲ့ပဲပေါ်ရာသီထိ အရောင်းအဝယ်ကောင်းနေဖို့ပဲရှိပါတယ်”ဟု ဒေါ်နှင်းနှင်းကပြောပြသည်။

ဟသ်ာတမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးဈေးကွက်တွင် အရောင်းအဝယ်ကောင်းနေသည့် ထောပတ်ပဲနီ ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၉၈,၅၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါထောပတ်ပဲနီများ ဝယ်လိုအားကောင်းလာခြင်းကြောင့် ပဲသိုလှောင်ထားသည့်လုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ကုန်ယာဉ်အငှားလိုက်သူများ၊ ကုန်ထမ်းလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာကြောင်းသိရသည်။

**Source: ရတနာပုံသတင်းစာ**

## ရန်ကုန်ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၂၅-၃-၂၀၂၄ မှ ၃၀-၃-၂၀၂၄)ရက်နေ့အတွင်း ဖြစ်ပေါ်ခဲ့သော ကုန်စည်ဈေးနှုန်းများ

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ဆိပ်ဖြူမြို့နှင့်မြစ်သားမြို့တို့မှ ကြက်သွန်နီများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ ဆိပ်ဖြူရှယ် ကျပ် ၂၃၀၀ ၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၂၂၀၀၊ ဆိပ်ဖြူလတ်သန့် ကျပ် ၂၀၀၀၊ ဆိပ်ဖြူလတ်ချော ကျပ် ၁၇၀၀၊ မြစ်သားသစ်ရှယ် ကျပ် ၃၃၀၀၊ မြစ်သားလတ်ကြီး ကျပ် ၃၃၀၀၊ မြစ်သားလတ်သန့် ကျပ် ၂၈၀၀ နှင့် မြစ်သားလတ်ချော ကျပ် ၂၃၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိပ်ဖြူရှယ် ကျပ် ၁၀၀၊ ဆိပ်ဖြူလတ်ကြီး ကျပ် ၁၀၀၊ မြစ်သားရှယ် ကျပ် ၂၀၀၊ မြစ်သားလတ်ကြီး ကျပ် ၂၀၀ အသီးသီး ဈေးကျဆင်းခဲ့ပြီး ကျန်အမျိုးအစားများမှာ ဈေးငြိမ်လျက်ရှိသည်။ ကုန်စည်ဒိုင်သို့ ကြက်သွန်နီဝင်ရောက်မှုမှာ ယခင်အပတ်က ကားစီးရေ ၁၆၀စီး (၉၆၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကားစီးရေ ၁၉၅ စီး (၁,၁၇၀,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကားစီးရေ ၃၅ စီး (၂၁၀,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ ကြူကုတ်နှင့် အောင်ပန်းမြို့တို့မှ ကြက်သွန်ဖြူများ နေ့စဉ်ဝင်ရောက်လျက်ရှိရာ ကြက်သွန်ဖြူ (တစ်ပိဿာ) ဈေးနှုန်းများမှာ ကြူကုတ်ရှယ် ကျပ် ၁၀,၅၀၀၊ အောင်ပန်းထူး-၂ ကျပ် ၆၀၀၀၊ အောင်ပန်းထူး-၃ ကျပ် ၆၂၀၀၊ အောင်ပန်းထူး-၄ ကျပ် ၆၃၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၆၅၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း အောင်ပန်းထူး-၂ ကျပ် ၁၅၀၀၊ အောင်ပန်းထူး-၃ ကျပ် ၂၈၀၀၊ အောင်ပန်းထူး-၄ ကျပ် ၂၅၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၂၅၀၀ အသီးသီး ဈေးမြင့်တက်ခဲ့သည်။ ယခင်အပတ်က ကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ် ၄၈၀၀ (၁၄၄,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ပြီး ယခုအပတ်တွင် ကြက်သွန်ဖြူအိတ် ၄၁၀၀ (၁၂၃,၀၀၀ ပိဿာ) ဝင်ရောက်ခဲ့သောကြောင့် ယခင်အပတ်ထက် ကြက်သွန်ဖြူအိတ်ရေ ၇၀၀ (၂၁,၀၀၀ ပိဿာ) လျော့နည်းဝင်ရောက်ခဲ့ကြောင်း သိရသည်။

Source: **ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

## ထိုင်းနိုင်ငံတွင် လျှပ်စစ်ကား စက်ရုံတည်ထောင်သွားမည့် Cherry ကုမ္ပဏီ

တရုတ်နိုင်ငံအခြေစိုက် လျှပ်စစ်ကား ထုတ်လုပ်သည့် Cherry ကုမ္ပဏီ၏ ထိုင်းနိုင်ငံအခြေစိုက် ကုမ္ပဏီခွဲက ထိုင်းနိုင်ငံ၊ ရယောင်မြို့တွင် လျှပ်စစ်ကားစက်ရုံ တည်ဆောက်သွားမည်ဖြစ်ပြီး ၂၀၂၅ ခုနှစ်တွင် မော်တော်ယာဉ်ထုတ်လုပ်ခြင်း လုပ်ငန်းများ စတင်သွားရန် စီစဉ်ထားကြောင်း သိရသည်။ အဆိုပါ စက်ရုံသည် ပြည်တွင်းနှင့်အာဆီယံဒေသတွင်းဈေးကွက်ကို ကားများ စတင်ထုတ်လုပ်ရောင်းချသွားမည်ဖြစ်ပြီး တစ်ကမ္ဘာလုံးဆိုင်ရာ တင်ပို့ရောင်းချမှုများအတွက် ကုမ္ပဏီ၏ အခြေစိုက်နေရာ ဖြစ်လာမည်ဖြစ်ကြောင်း Cherry International Company ၏ အရှေ့တောင်အာရှဆိုင်ရာ ဒုတိယမန်နေဂျင်းဒါရိုက်တာက ပြောကြားခဲ့ပါသည်။ ကုမ္ပဏီသည် အနာဂတ်တွင် ကားများအား ပစိဖိတ်သမုဒ္ဒရာအတွင်းရှိကျွန်းများနှင့်အရှေ့အလယ်ပိုင်း နိုင်ငံများကို တင်ပို့သွားရာ၌ စီစဉ်ထားကြောင်း သိရသည်။ ထုတ်လုပ်မှုအစီအစဉ်ကို ၂ ပိုင်းခွဲထားပြီး ၂၀၂၅ ခုနှစ်တွင် နှစ်စဉ် အစီးရေ ၅၀,၀၀၀ ထုတ်လုပ်သွားမည်ဖြစ်ပြီး ၂၀၂၈ ခုနှစ်မှစတင်၍ အစီးရေ ၈၀,၀၀၀ ထိ တိုးမြှင့်ထုတ်လုပ်သွားမည်ဖြစ်သည်။

ထိုင်းနိုင်ငံတွင် စုစုပေါင်း ကားအရောင်းစင်တာ ၃၅ ခု ဖွင့်လှစ်ရန်စီစဉ်ထားပြီး အဆိုပါပမာဏထဲမှ ၂၀ မှာ ဗန်ကောက်မြို့တွင် ဖွင့်လှစ်သွားမည်ဖြစ်သည်။ ထို့ပြင်ဒေသတွင်း မိတ်ဖက်များနှင့်ပူးပေါင်း၍ လျှပ်စစ်ကားအားသွင်းသည့်ဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်လာရန် ဆွေးနွေးမှုများရှိနေကြောင်း သိရသည်။

**Source: Bangkok Post**

**Source: https://www.doca.gov.mm**

## ထိုင်းနှင့်ကိုရီးယားနိုင်ငံတို့အကြား ကုန်သွယ်ရေးဆိုင်ရာဆွေးနွေးမှု စတင်သွားရန်ရှိ

ထိုင်းနိုင်ငံသည် ကိုရီးယားနိုင်ငံနှင့် လွတ်လပ်သောကုန်သွယ်ရေးသဘောတူစာချုပ်ဆိုင်ရာဆွေးနွေးမှုကို ယခုနှစ် နှစ်လယ်ပိုင်းတွင် ဆောင်ရွက်သွားရန် လျာထားကြောင်း၊ ၂၀၂၅ ခုနှစ် အဆုံးပိုင်း သို့မဟုတ် ၂၀၂၆ ခုနှစ် အစပိုင်းတွင် အပြီးသတ် ဆွေးနွေးသွားရန် ခန့်မှန်းထားကြောင်း သိရသည်။

ထိုင်း-ကိုရီးယား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ် (Economic Partnership Agreement-EPA) ကို ၂၈-၃-၂၀၂၄ ရက်နေ့က ကုန်သွယ်ရေးညှိနှိုင်းမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် Ms. Chotima Iemsawasdikul နှင့် ကိုရီးယား ကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး Keonki Roh တို့အကြား လက်မှတ်ရေးထိုးခဲ့ပါကြောင်း သိရသည်။

လက်မှတ်ရေးထိုးပွဲတွင် စာချုပ်သည် နှစ်နိုင်ငံလွတ်လပ်သော ကုန်သွယ်ရေးသဘောတူစာချုပ်ကဲ့သို့ပင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံသည် သီရိလင်္ကာနိုင်ငံနှင့် FTA ကို ဖေဖော်ဝါရီလအတွင်း လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း၊ ထိုင်း-ကိုရီးယား FTA သည် အာဆီယံ-ကိုရီးယား FTA နှင့် RCEP ကို အမှီပြု၍ ပေါ်ထွက်လာခြင်းဖြစ်ကြောင်း၊ FTA ကြောင့် ထိုင်းနိုင်ငံ၏ ယှဉ်ပြိုင်စွမ်းအားကိုမြှင့်တင်ပေးနိုင်ပြီး လျှပ်စစ်မော်တော်ကားနှင့်ဆက်စပ်ပစ္စည်းများနှင့် သတင်းအချက်အလက် နည်းပညာနယ်ပယ်များတွင် ကိုရီးယားမရင်းနှီးမြှုပ်နှံမှုများစွာ ဖိတ်ခေါ်နိုင်မည်ဟုယုံကြည်ပါကြောင်း၊ ဒီဂျစ်တယ်ကုန်သွယ်ရေး နှင့် ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက်နယ်ပယ်များတွင်လည်း ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်နိုင်မည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Phumtham Wechayachai က ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံ၏ ထုတ်ကုန်များဖြစ်သော အေးခဲနှင့်ပြုပြင်ပြီးကြက်သား၊ အေးခဲနှင့်ပြုပြင်ပြီး ပင်လယ်စာ၊ သရက်၊ မာလကာနှင့် မင်းဂွတ်ကဲ့သို့သော အပူပိုင်းသစ်သီးများ၊ ဟင်းခတ်အမွှေးအကြိုင်နှင့် အရသာမှုန့်များ၊ သစ်ထုတ်ကုန်များနှင့် ဓာတုပစ္စည်းများသည် EPA မှ အကျိုးကျေးဇူးများ ရရှိနိုင်ပါကြောင်း၊ သယ်ယူပို့ဆောင်ရေး၊ သိုလှောင်ရုံ၊ ဟိုတယ်နှင့်စားသောက်ဆိုင်စသည့် ဝန်ဆောင်မှုကဏ္ဍတွင်လည်း အကျိုးများနိုင်ပါကြောင်း၊ ကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည့် ကုန်သွယ်ရေး မဟာဗျူဟာအသစ်အရ စီးပွားရေးခိုင်မာပြီး အလားအလာကောင်းသော ကုန်သွယ်ရေးမိတ်ဖက်များနှင့် FTA လက်မှတ်ရေးထိုးမည့်နိုင်ငံများတွင် ထိုင်းနိုင်ငံသည်အပါအဝင်ဖြစ်ကြောင်း ဝန်ကြီးကဖြည့်စွက်ပြောကြားခဲ့သည်။

ကိုရီးယားသည် ထိုင်းနိုင်ငံ၏ အဆင့် ၁၂ ရှိသော ကုန်သွယ်ရေးမိတ်ဖက်ဖြစ်ပြီး ၂၀၂၃ ခုနှစ်အတွင်း နှစ်နိုင်ငံကုန်သွယ်မှုမှာ အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၇ ဘီလီယံရှိခဲ့ကြောင်း၊ ထိုင်းနိုင်ငံ၏ပို့ကုန်များတွင် သကြားကြမ်း၊ သန့်စင်ပြီးဆီထုတ်ကုန်များ၊ ရော်ဘာထုတ်ကုန်များ၊ လျှပ်စစ်ဆားကစ်စ်များနှင့် အလူမီနီယမ်ထုတ်ကုန်များပါဝင်ခဲ့ပြီး သွင်းကုန်များတွင် သံနှင့်သံမဏိ ထုတ်ကုန်များ၊ လျှပ်စစ်ဆားကစ်စ်၊ ဓာတုပစ္စည်းများ၊ ယန္တရားနှင့်ဆက်စပ်ပစ္စည်းများ ပါဝင်ခဲ့ကြောင်းသိရသည်။

ထိုင်းနိုင်ငံသည် အလားအလာကောင်းသော ကုန်သွယ်ရေးမိတ်ဖက်နိုင်ငံများနှင့် FTA လက်မှတ်ရေးထိုး၍ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုနှင့်ဝန်ဆောင်မှုကဏ္ဍများ တိုးတက်စေရေးဆောင်ရွက်လျက်ရှိကြောင်း သုံးသပ်တင်ပြအပ်ပါသည်။

**Source: www.bangkok.com**

**ဒေါ်သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့**

## အမေရိကန်နိုင်ငံ၏ လောင်စာဆီဈေးနှုန်းများသည် ၂၀၂၄ ခုနှစ်တွင် ပို၍မြင့်တက်လာခဲ့

အမေရိကန်နိုင်ငံ၏ လောင်စာဆီဈေးနှုန်းများသည် ၂၀၂၄ ခုနှစ်တွင် ပို၍မြင့်တက်လာခဲ့ကြောင်း Wall Street Journal အွန်လိုင်းသတင်းတွင် ၂၈-၃-၂၀၂၄ ရက်၌ "Why Gasoline Prices Are Rising Faster Than Usual This Year" ခေါင်းစဉ်ဖြင့် ဖော်ပြချက်အရ သိရသည်။

အမေရိကန်နိုင်ငံ၏ လောင်စာဆီဈေးနှုန်းသည် ၂၀၂၄ ခုနှစ်တွင် ပုံမှန်ထက် ပို၍မြင့်တက်လာခဲ့ကြောင်း၊ American Automobile Association (AAA) က ၂၈-၃-၂၀၂၄ ရက်နေ့ ထုတ်ပြန်ချက်အရ အမေရိကန်နိုင်ငံတစ်ဝှမ်း လောင်စာဆီ ပျမ်းမျှဈေးနှုန်းသည် တစ်ဂါလန်လျှင် အမေရိကန်ဒေါ်လာ (၃ ဒသမ ၅၄) ရှိပြီး ယခင်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက (၃) ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သဖြင့် ၂၀၂၄ ခုနှစ် နှစ်စပိုင်းဈေးနှုန်းထက် (၁၄) ရာခိုင်နှုန်းတိုးလာခဲ့ကြောင်း၊ လောင်စာဆီဈေးနှုန်း အများဆုံး မြင့်တက်ခဲ့သည့်ဒေသမှာ Utah ပြည်နယ်ရှိ Salt Lake City Area တွင်ဖြစ်ပြီး ယခင်လအတွင်း လောင်စာဆီတစ်ဂါလန်လျှင် အမေရိကန်ဒေါ်လာ (၃ ဒသမ ၇၇) ရှိခဲ့ရာမှ (၆၁) ဆင့်အထိ ထပ်မံ၍မြင့်တက်ခဲ့ကြောင်း သိရသည်။

လောင်စာဆီနှင့်နေထိုင်စရိတ်ဈေးနှုန်းမြင့်မားခြင်းသည် စားသုံးသူဈေးဆနှုန်း (Consumer Price Index) ကို မြင့်တက်စေပြီး ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ၏ စားသုံးသူဈေးဆနှုန်းသည် ယခင်ကာလတူနှင့်နှိုင်းယှဉ်ပါက (၆၀) ရာခိုင်နှုန်းအထိ တိုးလာခဲ့သည်ဟု အလုပ်သမားဝန်ကြီးဌာန၏ အချက်အလက်များအရ သိရကြောင်း၊ အမေရိကန်ဗဟိုဘဏ်၏ ငွေကြေးဖောင်းပွမှု တွက်ချက်ရာတွင် စားသောက်ကုန်နှင့်စွမ်းအင်ဈေးနှုန်းတို့ကို ထည့်သွင်းတွက်ချက်ခြင်းမပြုသော်လည်း စွမ်းအင်ဈေးနှုန်း မြင့်တက်ခြင်းသည် စီးပွားရေးအပေါ် သက်ရောက်မှုများဖြစ်စေကြောင်း သိရသည်။

၂၀၂၄ ခုနှစ်အတွင်း ဆော်ဒီအာရေဗျနှင့်ရုရှားနိုင်ငံခေါင်းဆောင်သည့် OPEC+ Cartel နိုင်ငံများက ရေနံထုတ်လုပ်မှုကို ရပ်ဆိုင်းလိုက်ခြင်းကြောင့် အမေရိကန်နိုင်ငံ၏ ရေနံစိမ်းတစ်စည်လျှင် အမေရိကန်ဒေါ်လာ (၈၃ ဒသမ ၁၇)၊ (၁၆) ရာခိုင်နှုန်း အထိ ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း၊ တစ်ချိန်တည်းမှာပင် အမေရိကန်နိုင်ငံ၏ အနောက်အလယ်ပိုင်းဒေသနှင့် ပင်လယ်ကွေ့ ကမ်းရိုးတန်းတစ်လျှောက်ရှိ ရေနံထုတ်လုပ်သည့်ဒေသများမှာ ဆောင်းရာသီမုန်တိုင်းနှင့် အခြားပြတ်တောက်မှုများ ကြုံတွေ့ ခဲ့ရပြီး အမေရိကန်နိုင်ငံ၏ ရေနံသန့်စင်လုပ်ငန်းများမှာ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလတွင် (၈၁) ရာခိုင်နှုန်းအထိ ကျဆင်းသွားခဲ့ သည်ဟု စွမ်းအင်အချက်အလက်စီမံခန့်ခွဲရေးဌာန၏ ထုတ်ပြန်ချက်အရ သိရှိရပါကြောင်း၊ ထို့ပြင်ရုရှားနိုင်ငံ၏ ရေနံသန့်စင် စက်ရုံများကို ယူကရိန်းနိုင်ငံက ဒရုန်းဖြင့်တိုက်ခိုက်ခဲ့ခြင်းကြောင့် စက်ရုံများပြုပြင်ရန် လပေါင်းများစွာကြာမြင့်နိုင်သဖြင့် ရုရှားနိုင်ငံက ပြည်တွင်းလောင်စာဆီဖူလုံရန်အတွက် နိုင်ငံခြားသို့တင်ပို့သည့် လောင်စာဆီများကို ဖြတ်တောက်ခဲ့ခြင်းကြောင့်

တရုတ်၊ အိန္ဒိယ သို့မဟုတ် တူကီယဲနိုင်ငံတို့တွင် လောင်စာဆီပြတ်လပ်မှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ယခင်နွေရာသီတွင် အမေရိကန်နိုင်ငံရှိ လောင်စာဆီထုတ်လုပ်သည့် ကုမ္ပဏီအချို့သည် အပူချိန်မြင့်မားမှုကြောင့် စက်ရုံလည်ပတ်မှုကို ရပ်ဆိုင်းခဲ့ရပြီး ယခုနှစ်အတွင်း ဤသို့ဆက်လက်ဖြစ်ပေါ်ပါက ဆီဈေးနှုန်းများ ထပ်မံမြင့်တက်လာနိုင်ကြောင်းသိရသည်။

**Source:**https://www.wsj.com/finance/commodities-futures/gas-prices-rising-2024-cause-86b864d7?mod=finance_lead_pos5

**(စီးပွားရေးသံမှူး၊ ဝါရှင်တန်ဒီစီ)**

## STOCK EXCHANGE (1.4.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 29th Mar. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 22,850 (Shares) | 62,113,500 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,500 | +100 | +1.19% | 8,400 | 8,500 | 8,400 | 348 | 2,925,200 | 33,109,694 | 281,432 |
| MTSH | 00002 | 2,900 | +0 | +0.00% | 2,850 | 2,900 | 2,800 | 17,858 | 50,928,600 | 38,929,150 | 112,895 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 11 | 85,800 | 10,400,986 | 81,128 |
| FPB | 00004 | 1,500 | +0 | +0.00% | 1,450 | 1,500 | 1,450 | 556 | 807,000 | 29,664,613 | 44,497 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 16 | 40,000 | 12,823,224 | 32,058 |
| EFR | 00006 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,700 | 110 | 187,000 | 19,977,223 | 33,961 |
| AMATA | 00007 | 4,600 | -100 | -2.13% | 4,700 | 4,700 | 4,600 | 10 | 46,100 | 10,497,598 | 48,289 |
| MAEX | 00008 | 1,800 | -50 | -2.70% | 1,800 | 1,800 | 1,800 | 3,941 | 7,093,800 | 23,804,946 | 42,849 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 29th Mar. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 358.98 | +0.56 | +0.16% | 356.60 | 358.98 | 354.93 | 22,850 | 62,113,500 | 8 | 677,109 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 1:00 pm, 29th Mar. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 22,850 (Shares) | 62,113,500 (MMK) |

| MYANPIX | 358.98 ▲ 0.56 |
|---|---|
| Total Volume (shares) | 22,850 |
| Total Value (MMK) | 62 mil |
| Listed Company | 8 |
| Market Cap. (MMK) | 677,109 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,500 | ▲ 100 |
| MTSH | 00002 | 2,900 | ▲ 0 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 1,500 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 1,700 | ▲ 0 |
| AMATA | 00007 | 4,600 | ▼ 100 |
| MAEX | 00008 | 1,800 | ▼ 50 |

TIR